ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )**

**[ အင်္ဂါနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ

လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေဟာ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၈၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ နေမကောင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂) ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂) ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း၊ တပ်မတော်၊ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းအစည်းအဝေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေသောင်း၊ ကချင်(၆)၊ ကျန်းမာရေးမကောင်း။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကျန်းမာရေးမကောင်း။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဖခင်ဖြစ်သူနာရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ နေမကောင်း။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊

ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကျန်းမာရေးမကောင်း။ ဦးရဲမြင့်၊ ပဲခူး(၄)၊ နေမကောင်း တို့ ဖြစ်ကြပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

အား ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃ ၌ ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင် အယောင်များ ဆိုင်ရာ ဥပဒေကြမ်းတွင် ပုဒ်မ ၄(စ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဟု အသစ်ဖြည့်စွက်ထားသည့် အချက် ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကိုဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဒီပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်အတိုင်း ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးမှာဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေကြမ်းကော်မတီရဲ့ ကြားနာမှုအား လိုအပ်မည်မဟုတ်ကြောင်း တင်ပြပါတယ်။ ကျွန်တော်ဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ်တွေကို အခြေခံဥပဒေက ဘယ်လိုသတ်မှတ်ပေးသလဲ။ ပြီးတော့ ဒီလိုသတ်မှတ်ပေးတဲ့အပြင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်သည် အလွန်သင့်မြတ်တဲ့အကြောင်း တင်ပြချင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၄၇ မှာ ဤအခန်းပါအခြေခံမူများနှင့် အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင်ပါရှိသော နိုင်ငံတော်ဆိုသည့် ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့် အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်လို့ ဆိုထားပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အခြေခံဥပဒေက နိုင်ငံတော် အဆင့်ပုဂ္ဂိုလ်လို့ သတ်မှတ်ပေးထားပါတယ်။ အခုလက်ရှိမှာတော့ ကျွန်တော်တို့ နေထိုင်တဲ့ပုံစံနဲ့ အလုပ်လုပ်တဲ့ပုံစံကတော့ အခက်အခဲပေါင်းများစွာနဲ့ ရင်ဆိုင်ပြီးတော့ နေထိုင်လုပ်ကိုင်နေရပါတယ်။ ဒါကြောင့် အခြေခံဥပဒေက သတ်မှတ်ပေးတဲ့ ပုံစံနဲ့အညီ ကျွန်တော်တို့ ဒီဥပဒေကြမ်း ပြည်သူ့ လွှတ်တော်က ပြင်ဆင်လာတဲ့ဟာက တော်တော်သင့်မြတ်ပါတယ်။ ကျွန်တော်တို့ အခုမှာတော့ ဒီ Pioneers တွေပေ့ါ။ ပထမဆုံးအကြိမ် လွှတ်တော်ကိုယ်စားလှယ်တွေဆိုတော့ ဒီစွန့်လွှတ်စွန့်စား အနစ်နာခံတဲ့ လုပ်ကိုင်ဆောင်ရွက်တာတွေလည်း ကျွန်တော်တို့ သင့်လျော်ပါတယ်။ သို့သော် ကျွန်တော်တို့ နောက်သက်တမ်းကနေစပြီးတော့ လုပ်လာမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကတော့ သူ့အဆင့်လေးနဲ့သူ အခြေခံဥပဒေနဲ့သတ်မှတ်ပေးထားတဲ့အတိုင်း သူတို့ခံစားသင့်ပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်မှာ အခုလက်ရှိပုံစံနဲ့ ဒီစရိတ်တွေ ရှိနေမယ်ဆိုရင် လွှတ်တော်ထဲမှာ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်တွေ ရောက်မလာမှာကိုလည်း စိုးရိမ်ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီလွှတ်တော် ကိုယ်စားလှယ်တွေဖြစ်ဖို့အတွက် ယှဉ်ပြိုင်ရတဲ့နေရာမှာ Election Shy တွေ၊ Election fear တွေ အမျိုးမျိုး အခက်အခဲတွေ ကျော်လွှားပြီးတော့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒီလိုယှဉ်ပြိုင်ရတဲ့နေရာမှာ ဒီကိစ္စတွေကြောင့် တကယ်အရည်အချင်းရှိတဲ့သူတွေက မယှဉ်ပြိုင်တော့ဘဲနဲ့ ဒီလွှတ်တော် ကိုယ်စားလှယ်ဖြစ်ဖို့ မရည်ရွယ်တော့ဘူးဆိုရင် ကျွန်တော်တို့ရဲ့၊ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်တွေဟာ အရည်အချင်းရှိတော့မှာ မဟုတ်ပါဘူး။ အခုပထမဆုံးမှာတော့ ကျွန်တော်တို့ ကံကောင်းစွာနဲ့ပေ့ါနော်၊ ဝန်ကြီးဟောင်းတွေ၊ ဒုတိယဝန်ကြီးဟောင်းတွေ၊ ညွှန်ချုပ်ဟောင်းတွေ၊ တကယ့် ပညာရှင်တွေ၊ ပြီးတော့ စီးပွားရေးသမား တကယ့် အတွေ့အကြုံရှိတဲ့သူတွေ၊ ပြီးတော့ အဖက်ဖက်က Elite တွေပေ့ါ။ ဒါကိုကျွန်တော်တို့ လွှတ်တော်ထဲမှာ ရောက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပထမဆုံးအနေနဲ့

ဒါစွန့်လွှတ်စွန့်စား အနစ်နာခံပြီးတော့ အားလုံးလုပ်လာကြတာ ဂုဏ်ယူစရာဖြစ်ပါတယ်။ ဒါတောင်မှ ကျွန်တော်တို့ အဲဒီလိုမျိုးပေါ့။ ပြီးတော့ Academics တွေပေါ့။ ပညာတတ်တွေ၊ ပညာရှင်တွေ အများကြီး ရောက်လာပါတယ်။ ဒီလိုမျိုး ပုဂ္ဂိုလ်တွေက နောင်မှာ ဒီလိုမျိုးဥပဒေတွေကို ကျွန်တော်တို့ မပြင်ပေးဘူးဆိုရင်၊ မဝင်လာတော့ဘူးဆိုရင် လွှတ်တော်ရဲ့ စွမ်းဆောင်ရည်ဟာ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာက အများကြီး ကျဆင်းလာမှာဖြစ်ပါတယ်။ ဆောင်ရွက်ချက်တွေကလည်း တော်တော်လေး ကျဆင်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေကလည်း လွှတ်တော်ကိုယ်စားလှယ်တွေကို နိုင်ငံတော်အဆင့်ဆိုပြီးတော့ သတ်မှတ်ပေးတဲ့အတိုင်းပဲ ဒီသူတို့ အလုပ်အကိုင်လုပ်တဲ့နေရာမှာ ဒါပိုပြီးတော့ အဆင်ပြေချောမွေ့လာအောင် ဒီလိုသင့်တင့်လျောက်ပတ်တဲ့ ပြင်ဆင်ချက်တွေနဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်လာတာ အင်မတန်မှ ဝမ်းသာစရာကောင်းပါတယ်။ ဒါကို အဓိက ကျွန်တော် ထောက်ခံချင်တာဖြစ်ပါတယ်။ ဒီတခြားနိုင်ငံတွေမှာတော့ ဒီလွှတ်တော်ကိုယ်စားလှယ်တွေ ဘယ်လောက် Fringe Benefits တွေ၊ အဆောင်အယောင်တွေ၊ ဘယ်လောက်စရိတ်တွေရလဲ ဆိုတာတော့ မပြောလိုပါဘူး။ ဒါသူတို့နိုင်ငံတွေက စီးပွားရေးတွေ အင်အားတောင့်တင်းပြီးလည်းဖြစ်တဲ့ အတွက်ကြောင့် သူတို့အတိုင်းပဲ ကျွန်တော်တို့ ခံစားသင့်တယ်လို့လည်း မဆိုလိုပါဘူး။ သို့သော် ကျွန်တော်တို့ အခုဆိုရင် နယ်ဆင်းရတဲ့အချိန်မှာသော်လည်းကောင်း၊ မဲဆန္ဒနယ် ပြည်သူတွေကိုလည်း တွေ့ဆုံပွဲလုပ်တဲ့ အချိန်မှာတွေသော်လည်းကောင်း ကျွန်တော်တို့ အခက်အခဲတွေ အများကြီးရှိပါတယ်။ အိတ်စိုက်နဲ့ လုပ်နေရတဲ့ အပိုင်းတွေလည်း အများကြီး ရှိပါတယ်။ ပြီးတော့ ကိုယ်က အလှူဒါနပြုချင်တာ လေးတွေ၊ လှူဒါန်းချင်တာလေးတွေ ရှိရင်လည်း အခက်အခဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်တွေ အင်မတန်မှ သင့်မြတ်ပါကြောင်း ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲ တင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ)

အခန်း(၂)

နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ ဥပဒေကြမ်းတို့ကို စိစစ်ခြင်း

ဟု ပြင်ဆင်ထားပါတယ်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဆိုင်ရာ ဥပဒေကြမ်းကို လိုအပ်ပါက ပြည်ထောင်စု လွှတ်တော်သို့ နှစ်စဉ် အောက်တိုဘာလ ၃၁ ရက်မတိုင်မီ တင်သွင်းရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ ကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်း ကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ နှစ်စဉ် နိုဝင်ဘာလ ၇ ရက်နေ့ မတိုင်မီ တင်ပြရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ နိုဝင်ဘာလ ၁၅ ရက်နေ့ မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်း ပူးပေါင်း ကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာ တွေ့ရှိသုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈(င)(စ)(ဈ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁(စ)၊ အပိုဒ် ၁၂(က)(ခ)(ဂ)(စ)

အခန်း(၃)

နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိရမည့် အချက်များ

၈။ (င) မက်ခရိုစီးပွားရေး အခြေအနေ ဖော်ပြချက်၊

(စ) နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်း ဖော်ပြချက်များ၊

(ဈ) ပြည်သူများ လွယ်ကူရှင်းလင်းစွာ သိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ် ဖော်ပြချက် ၊

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ် ဘဏ္ဍာရေးလျာထားချက်ကို တင်ပြရာတွင် ယမန်နှစ်၏ ရှေ့ပြေးအမှန်၊ လက်ရှိနှစ်၏ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့် နှစ်နှစ်အတွက် မျှော်မှန်းချက်စာရင်းများကို လက်ရှိနှစ်၏ ဈေးကွက်ဈေးနှုန်းများ ဖြင့် ဖော်ပြရမည်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေး လျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထား အသုံးစာရင်း ရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်နှင့် ထပ်မံလိုအပ်ငွေကို ဖြည့်ဆည်းခြင်းတို့ကို ဖော်ပြရမည်။

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေး မဟာဗျူဟာမူဝါဒနှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်း ဖော်ပြရမည် -

(စ) အခြားလိုအပ်ချက်များ ဟု ဖြည့်စွက်ထားပါတယ်။

၁၂။ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေ ဖော်ပြချက်နှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်း ဖော်ပြရမည် -

(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) ဂျီဒီပီ (GDP) တိုးတက်မှုနှုန်း၊

(ဂ) ပို့ကုန်၊ သွင်းကုန်၊ အရန်ငွေကြေး၊ ကုန်သွယ်မှု လိုငွေ/ ပိုငွေ ၊

(ဃ) မက်ခရိုစီးပွားရေးအခြေအနေ အလားအလာများ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၈(င)(စ)(ဈ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁(စ)၊ အပိုဒ် ၁၂(က)(ခ)(ဂ)(ဃ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈(င)(စ)(ဈ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁(စ)၊ အပိုဒ် ၁၂(က)(ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၇

အခန်း(၄)

နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

ဥပဒေကြမ်း ပြုစုခြင်း

၁၃။ ဘတ်ဂျက်ပြင်ပရန်ပုံငွေများနှင့် စပ်လျဉ်း၍ ဥပဒေရေးဆွဲ ပြဋ္ဌာန်းပြီးမှ သုံးစွဲ ဆောင်ရွက်ရမည်။

၁၅။ ပြည်ပချေးငွေနှင့် ပြည်ပထောက်ပံ့ငွေများကို ဝန်ကြီးဌာန အလိုက် ဖော်ပြရမည်။

၁၇။ ဝန်ကြီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များ၊ နိုင်ငံတော် ရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ အခြားစာရင်းများကို အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းရေးဆွဲ ဖော်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၁(က)

အခန်း(၆)

အထွေထွေ

၂၁။ (က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏

နိဒါန်း၊

အခန်း(၁)၊ အပိုဒ် ၂၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅(က)(ခ)၊

အခန်း(၄)၊ အပိုဒ် ၁၂(ခ)(၄)

အခန်း(၅)၊ အပိုဒ် ၁၄(က)မှ(ဌ)ထိ၊ အပိုဒ် ၁၆၊ အပိုဒ် ၂၀၊

အပိုဒ် ၂၂၊ အပိုဒ် ၂၄ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် မူလဥပဒေကြမ်း ၏ အပိုဒ် ၄၊ အပိုဒ် ၁၁၊ အပိုဒ် ၂၀၊ အပိုဒ် ၂၄၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထား ပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ထားသည့်-

အခန်း(၁)၊ အပိုဒ် ၁ နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၂)၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊

အခန်း(၃)၊ အပိုဒ် ၈(ဆ)(ဇ)(ည)(ဠ)၊

အခန်း(၄)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈၊

အခန်း(၅)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊

အခန်း(၆)၊ အပိုဒ် ၂၁(ခ) တို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထား ပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက သံအရာရှိများနှင့်ကောင်စစ် အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည် ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဒုတိယဥက္ကဋ္ဌ။** အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် သံအရာရှိများ နှင့်ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂(က)(ခ)

၂။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့် အခကြေးငွေများ)အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) သံအရာရှိ ဆိုရာတွင် သံအမတ်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူး၊ သံရုံး၏ အတွင်းဝန်နှင့် သံရုံး ယာယီတာဝန်ခံတို့ ပါဝင်သည်။

( ခ ) ကောင်စစ်အရာရှိ ဆိုရာတွင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်တို့ပါဝင်သည့်အပြင် ထိုပုဂ္ဂိုလ်တစ်ဦးဦး၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အာဏာလွှဲအပ်ခြင်း ခံရသော အခြား ပုဂ္ဂိုလ်လည်း ပါဝင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။ ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃

၃။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့် အခကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁)တွင် ပါဝင်သော တိုင်းတစ်ပါးတွင်ဖြစ်စေ၊ အရပ်တစ်ပါးတွင်ဖြစ်စေ ဆိုသည့် စကားရပ်ကို နိုင်ငံအတွင်းတွင်ဖြစ်စေ၊ နိုင်ငံပြင်ပတွင် ဖြစ်စေဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄

၄။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့် အခကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည် -

၇။ (၁) နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အလို့ငှာ -

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁ ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်း ကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သံအရာရှိများ နှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာ များနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သံအရာရှိများ နှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာ များနှင့် အခကြေးငွေ များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော် ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာ များနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးသန့်ကျော်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မအားလပ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးကိုယ်စား လာရောက်တင်ပြတဲ့ ဒုတိယဝန်ကြီး ဦးသန့်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ သံအရာရှိများနဲ့ ကောင်စစ်အရာရှိများ ကျမ်းသစ္စာများနဲ့ အခကြေးငွေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ကို အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးက ခေတ်နဲ့လျော်ညီ လိုက်လျောမှု မရှိသော ဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနဲ့ အသစ်ရေးဆွဲရန် လိုအပ်တဲ့ ဥပဒေများရှိပါက ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ သဘောထားတောင်းခံရယူပြီး ပြန်လည်တင်ပြသွားရန် အကြောင်းကြားခဲ့ပါတယ်။ ဆက်လက်၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ ပြည်ထောင်စုအစိုးအဖွဲ့မှ သံအရာရှိများနဲ့ ကောင်စစ် အရာရှိများ၊ ကျမ်းသစ္စာနဲ့ အခကြေးငွေများ အက်ဥပဒေကို ပြင်ဆင်ရန် လမ်းညွှန်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ ယင်းဥပဒေသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံး၊ အဖွဲ့ရုံး ကောင်စစ်ဝန်ရုံးများတွင် ယနေ့တိုင် အကျုံးဝင်လျက်ရှိသည့် ဥပဒေဖြစ်သော်လည်း သံအရာရှိ၊ ကောင်စစ်အရာရှိစတဲ့ စကားရပ်များအား ယနေ့ ခေတ်ကာလနှင့်ကိုက်ညီသော စကားလုံးများ ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာတာကြောင့် တင်ပြရခြင်း ဖြစ်ပါတယ်။ ဒီနေ့ တင်သွင်းတဲ့သံအရာရှိများ နဲ့ ကောင်စစ်အရာရှိများ ကျမ်းသစ္စာများနှင့် အခကြေးငွေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေ အကြံပြုချက်များ တောင်းခံခဲ့ခြင်း ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ အဆင့်ဆင့်

တင်ပြခွင့်ပြုချက် ရယူပြီးမှသာ ပြင်ဆင်သည့် ဥပဒေများကို အတည်ပြုနိုင်ရန်အတွက် အမျိုးသား လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ၊ ကျမ်းသစ္စာများနှင့် အခကြေးငွေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာဌေးနိုင် ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၇)** ။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တင်သွင်းတဲ့ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုကို ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဌေးနိုင် က ထောက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက သံအရာရှိများနှင့် ကောင်စစ် အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယခု အဆိုမှာ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် သံအရာရှိများနှင့် ကောင်စစ် အရာရှိများ(ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထား တဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေ ပုဒ်မ ၃ တွင် ပါရှိသော ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်းဆိုသည့် စကားရပ်ကို အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်။

၄။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄

၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဇယား၊ Article-1 ၏ Section-1 တွင် ပါရှိသော judicial ဆိုသည့် စကားရပ်ကို juridicial ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁ ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်း ကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသား လွှတ်တော်ကအတည်ပြုပေးဖို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးသန့်ကျော် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂)ရက် နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ခေတ်နှင့်လျော်ညီမှု မရှိတော့သည့်ဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ရေးဆွဲရန် လိုအပ်သောဥပဒေများရှိပါက ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ သဘောထားတောင်းခံရယူပြီး ပြန်လည်တင်ပြသွားရန်အကြောင်းကြားခဲ့ပါတယ်။ ဆက်လက်၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်ရန် လမ်းညွှန်ခဲ့ပါတယ်။ ယခု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေ တွင် ပါရှိသော စကားရပ် များအား ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုက်လျောညီထွေမှုရှိနိုင်သည့် စကားရပ်များဖြင့် အစားထိုးအသုံးပြုနိုင်ရေးအတွက် ယင်းအက်ဥပဒေအား ပြင်ဆင်နိုင်ရေးအတွက် တင်ပြရခြင်း ဖြစ်ပါ တယ်။ ယနေ့တင်သွင်းသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)

အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်များ တောင်းခံခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့၊ အဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှသာ ပြင်ဆင်မည့်ဥပဒေများကို အတည်ပြုနိုင်ရန် အမျိုးသားလွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တင်သွင်းသွားတဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင်က ထောက်ခံပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၄) ရက် မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်တွင် ဆက်လက်ကျင်းပမှာ ဖြစ်ပါကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]